# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့

Marchလ(၈)ရက်နေ့သည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဖြစ်ပါသည်။ ဤနေ့တွင် ကမ္ဘာ့အရပ်ရပ် အမျိုးသမီးသင်းအဖွဲ့များသည် မိမိရို့နှင့်သက်ဆိုင်ရာ နေရာဒေသအများအပြားတွင် ဤနေ့ကိုကျင်းပကတ်သည်။

၁၈၅၇ ခုနှစ်မတ်လ(၈ )ရက်နေ့တွင် အမေရိကန်နိုင်ငံ ချီကာကိုမြို့ဟိ ချည်စက်ရုံတခု၌အလုပ်လုပ်ကတ်သော အမျိုးသမီးများ နေ့တွက်ခမတူညီမှု၊ အလုပ်ချိန်ပိုလုပ်ရမှု၊ လုံခြုံရေးမဟိမှု၊ ညအချိန်မတော်အလုပ်ဆင်းရမှု၊ ကိုယ်ဝန် ဆောင်စဥ်လစာပြည့် ခွင့်ရက်မရမှုနှင့် 24 နာရီအချိန်ပြည့်အလုပ်လုပ်ရမှုစသည့် အကြောင်းအရာများကိုအခြေခံကာ ၁၈၅၇ မတ်လ(၈ ) ရက်နေ့တွင်သပိတ်မှောက်ရာမှစ၍ အမျိုးသမီးလှုပ်ရှားမှုများစတင်ပေါ်ပေါက်လာရသည်။

နောက် (၃)နှစ်ကြာသောအခါ စက်ခြုပ်အမျိုးသမီးများစုပေါင်းကာ Trade Union ခေါ်အလုပ်သမား သမဂ္ဂတခုကိုစုပေါင်းဖွဲ့စည်းနိုင်ခကတ်သည်။ ၁၈၉၄–တွင်ကမ္ဘာ့ပထမဆုံးအမျိုးသမီးများစစ်ဆန့်ကျင်ရေးကွန်ဖရင့် တခုကို နေသာလန်နိုင်ငံတွင်ကျင်းပပြီး နှစ်စဥ်လုပ်ဆောင်လာနိုင်စီရန် အကောင်အထည်ဖော်ကြိုးစားလာကတ်သည်။

၁၉၀၅ – ၁၉၀၇ –နှစ်အတွင်း ရုရှား **(Russia)** နိုင်ငံမှ အမျိုးသမီးအင်အားများစွာပါဝင်သော **Anti-Tsar -more met** ခေါ်– (ဇာဘုရင် ) ဆန့်ကျင်ရေးလှုပ်ရှားမှုများကို အရှိန်ပြင်းစွာဆောင်ရွက်လာခကတ်သည်။

ဤလှုပ်ရှားမှုများကိုတိုက်ရိုက်ဖြစ်စီ၊ သွယ်ဝိုက်၍ဖြစ်စီအခြေခံ၍ ကမ္ဘာ့နီရာအနှံ့တွင် အမျိုးသမီးလှုပ်ရှားမှု များကို အခြေခံလုပ်ဆောင်လာကတ်သည်မှစ၍ ကမ္ဘာ့အမျိုးသမီးထုတရပ်လုံးစုပေါင်းညီညွတ်စွာပါဝင်၍–အမျိုးသမီး အခွင့်အရေးအရေးလှုပ်ရှားမှုနှင့်ဆိုင်သော လှုပ်ရှားမှုများကို ကမ္ဘာတခုလုံးမှအမျိုးသမီးများပါဝင်ရန် လုပ်ဆောင်လာခကတ်ပေသည်။ ဤသို့ပြင်–––––––––ခုနှစ် ဒိန်းမတ်နိုင်ငံ ချိုးပါကန်အမျိုးသမီး၌ ကျင်းပသော ကွန်မြူနစ်အမျိုးသမီးများညီလာခံမှ **March** လ(၈)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် သတ်မှတ် ကျင်းပလာခကတ်ပေသည်။

ဤသို့ဖြင့်၁၉၉၁–ခုနှစ်မှစ၍ ရခိုင်အမျိုးသမီးများအစည်းအရုံးအခြေစိုက်လှုပ်ရှားရာ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံ တွင် အမျိုးသမီးအဖွဲ့များစွာပါဝင်၍ ထိုနေ့ကိုကျင်းပကတ်သည်။ ဤနှစ်တွင် ဘင်္ဂလားဒေ့(ရှ်) နိုင်ငံ၏အမျိုးသမီးထုနှင့် အတူ ရခိုင်အမျိုးသမီးများအစည်းအရုံးမှ ချီတက်ပါဝင်ခသည်။ ဤဆန္ဒပြပွဲတွင်အမျိုးသမီးများအပေါ်အကြမ်းဖက်မှု များကိုပေါ်လွင်အောင်တင်ပြကာ အမျိုးသမီးများအတွက်လိုအပ်သော **Fundamental Demand or women's movement N-** တင်စားသော **Our- Body- Child"** ဟူသော လှုပ်ရှားမှုတိုင်းကို ကိုးကားကာ အမျိုးသမီးထု တရပ်လုံး လိုအပ်နီသော အခြေခံအခွင့်အရေးများအတွက် ချီတက်တိုက်ပွဲဝင်ခကတ်ပေသည်။ ထိုပွဲတွင် ရခိုင်အမျိုး သမီးများအစည်းအရုံးမှ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှု အပြောင်မြောက်ဆုံး အမျိုးသမီးခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဘင်္ဂလီအမျိုးသမီးထုနှင့်အတူ တိုက်ပွဲဝင်တောင်းဆိုခပေသည်။